# ကရင်နီပြည်တွင် ၂၀၂၄ ခုနှစ်အတွင်း ဖြစ်ပွားသော လူ့အခွင့်အရေးချိုးဖောက်မှုများ အစီရင်ခံစာ

အမှတ်စဉ် ၁



အစီရင်ခံစာထုတ်ပြန်သည့်နေ့စွဲ - ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်နေ့

# နိဒါန်း

၂၀၂၀ ရွေးကောက်ပွဲရလာဒ်အပေါ် မဲမသမာမှုရှိသည်ဟုစသော စွပ်စွဲချက်ဖြင့် စစ်တပ်သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် အာဏာသိမ်းခဲ့ပါသည်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် မြန်မာပြည်သူလူထုများသည် ပြည်သူ့အာဏာ ပြန်လည်ရရှိရေးနှင့် ၂၀၂၀ ရွေးကောက်ပွဲရလဒ်အပေါ် လက်သင့်ခံရန် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုများ တစ်နိုင်ငံလုံးအနှံ့ဆင်နွှဲခဲ့ကြပါသည်။ ကရင်နီပြည် ပြည်သူလူထုနှင့်ကျောင်းသား၊ လူငယ်များသည်လည်း ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်၍ ပြည်သူရွေးချယ်သည့် စိုးရလက်ထဲနိုင်ငံရေးအာဏာ ပြန်လွဲအပ်ရေးအတွက် ဆောင်ရွက်သော ပြည်နယ်တစ်ပြည်နယ်အပါအဝင်ပင်ဖြစ်သည်။ ထိုတစ်နိုင်ငံလုံးအနှံ့ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သော လူထုများအား စစ်ကောင်စီတပ်မှ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှုများ ဖြစ်လာပြီးနောက်တွင် ကရင်နီပြည်အပါအဝင် တစ်နိုင်ငံလုံးကျောင်းသားလူငယ်များသည် တန်ပြန်၍ လက်နက်ကိုင်လမ်းစဉ်ဖြင့် စစ်ကောင်စီကို တော်လှန်ခြင်းများပေါ်ပေါက်လာခဲ့ပါသည်။

ကရင်နီပြည်သည် စစ်တပ်အာဏာသိမ်းပြီး လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲပြီးနောက်ပိုင်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ပိုမိုများပြားလာခဲ့ပါသည်။ တော်လှန်ရေးကာလ (၃) နှစ်အတွင်းတွင် သတ်ဖြတ်ခံနေရမှုများ၊ ဖမ်းဆီးခံနေရမှုများ၊ အကြမ်းဖက်မှုများ၊ လက်နက်ကြီးထိမှန်သေဆုံးမှု၊ လေယာဉ်ဖြင့် ဗုံးကြဲခံနေရခြင်းများစွာ ဖြစ်ပွားလျက်ရှိပါသည်။ ထို့အပြင် စစ်တွင်းကာလတွင် စစ်ရှောင်စခန်းတွင် စားနပ်ရိက္ခာအကျပ်အတည်းဖြစ်မှုများ၊ အဟာရချို့တဲ့မှုများလည်း ကြုံတွေ့ရမှုလည်းရှိပါသည်။ စစ်ကောင်စီသည် ပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ အကြောင်းမဲ့ လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခြင်း၊ လူနေရပ်ကွက်/ကျေးရွာနှင့် စစ်ဘေးရှောင်စခန်းများတွင် လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ဤလူ့အခွင့်အရေးချိုးဖောက်မှုအစီရင်ခံစာသည် ကရင်နီပြည်နယ်အတွင်း မိမိတို့ ကရင်နီပြည်လူငယ်များသမဂ္ဂ (UKSY)မှ မှတ်တမ်းပြုစုသော လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုများကို ဖော်ပြပေးသွားမည်ဖြစ်သည်။ ကျူးလွန်ခံနေရသည့် ပြည်သူများမှ ၎င်းတို့ခံစားနေရသော အခွင့်အရေးချိုးဖောက်ခံနေရမှုများအား အစီရင်ခံစာဖြင့် တင်ပြခြင်း၊ ကျူးလွန်ခံနေရသူမှ တရားမျှတမှုအတွက် တောင်းဆိုမှုများနှင့် သက်ဆိုင်ရာ အာဏာပိုင်တို့အပေါ် လူ့အခွင့်အရေးအပေါ် တုံ့ပြန်ဆောင်ရွက်ချက်များအတွက် အရေးဆိုတိုက်တွန်းချက်များလည်း ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ကရင်နီပြည်အတွင်းရှိ လူ့အခွင့်အချိုးဖောက်ခံနေရမှုများ

## ၁) ဒေါ်ဆီးအီကျေးရွာ စာသင်ကျောင်း လေကြောင်းတိုက်ခိုက်ခံနေရမှုမပြုခင် ကျေးရွာအခြေအနေ

ဒေါ်ဆီးအီကျေးရွာသည် ကရင်နီပြည်၊ ဒီးမော့ဆိုမြို့နယ်တွင် တည်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ဒေါ်ဆီးအီကျေးရွာတွင် အများဆုံးနေထိုင်သော လူမျိုးစုများမှာ ကယန်းလူမျိုးများဖြစ်သည်။ အိမ်ခြေ (၁၀၀) ကျော်ရှိပြီး အဓိကလယ်ယာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ဒေါ်ဆီးအီကျေးရွာပညာရေးအတွက် အလယ်တန်းကျောင်းတစ်ကျောင်းရှိပါသည်။ ထိုမူလတန်းကျောင်းတွင် ပြီးသွားသော ကလေးများအား ဆက်လက်ပညာသင်ကြားနိုင်ရေးအတွက် လွိုင်နန်းဖအထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားမှုပြုနေကြပါသည်။




ဒေါ်ဆီးအီကျေးရွာသည် အေးချမ်းစွာနေထိုင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။ စစ်တပ်အာဏာသိမ်းပြီး လက်နက်ကိုင် ပဋိပက္ခဖြစ်သည့်နောက်ပိုင်းတွင် ဒေါ်ဆီးအီကျေးရွာတွင် လွိုင်ကော် ၊ ဒီးမော့ဆိုမြို့ပေါ်မှ စစ်ဘေးရှောင်များ အများအပြားခိုလှုံလာခဲ့ပါသည်။ ဒေသခံများနှင့် စစ်ဘေးရှောင်ပြည်သူများ၏ ကလေးပညာရေးအတွက် ဒေါ်ဆီးအီကျေးရွာ မူလတန်းကျောင်းတွင် ကလေးများအား ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပညာရေးပေးလျက်ရှိပါသည်။

ဒေါ်ဆီးအီကျေးရွာသည် ကရင်နီတော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသည့် နယ်မြေအတွင်းရှိ ကျေးရွာတစ်ရွာဖြစ်ပါသည်။ စစ်ပွဲအတွင်းတွင် စကစမှပစ်ခတ်သော လက်နက်ကြီးများ ဘေးပတ်ဝန်းကျင်တွင် ကျရောက်မှုရှိသော်လည်း ကျေးရွာအတွင်း ကျရောက်ခဲ့ခြင်းမရှိပါ။ ဒေါ်ဆီးအီကျေးရွာသည် စစ်ဘေးရှောင်ပြည်သူများ အိမ်ထောင်စု (၁၀၀) ကျော်လက်ခံစောင့်ရှောက်ထားပါသည်။ ဒေသခံနှင့် စစ်ဘေးရှောင်ပြည်သူတို့သည် ထိုကျေးရွာတွင် ကျေးရွာ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသော ကိစ္စအားလုံးကို အတူတကွပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ဒေါ်ဆီးအီစာသင်ကျောင်းတွင် ဒေသခံကလေးသူငယ်များအပြင် စစ်ဘေးရှောင် ကလေးသူငယ်များ စုစုပေါင်း ၂၀၅ ဦး ပညာသင်ကြားပါသည်။ ထိုကျောင်းသား/သူများအနက်မှ ၂၀ ရာခိုင်နှုန်းသည် စစ်ဘေးရှောင်မှ ကလေးသူငယ်များဖြစ်သည်။

**လေကြောင်းတိုက်ခိုက်ခံရမှု အခင်းအကျင်း**

ကရင်နီပြည်၊ ဒီးမော့ဆိုမြို့နယ် ဒေါ်ဆီးအီကျေးရွာ အလယ်တန်းကျောင်းကို စစ်ကောင်စီမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် ပစ်မှတ်ထားတိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။ စစ်ကောင်စီသည် ဒေါ်ဆီးအီ စာသင်ကျောင်းကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရာတွင် k-8 ဂျက်ဖိုက်တာဖြင့် တစ်ကြိမ်တည်းတွင် ပေါင် (၅၀၀) ဗုံး (၂) လုံး ဗုံးကြဲခဲ့ပါသည်။ ထိုစာသင်ကျောင်းကို ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ် ပေါင်း (၄) ဦး ပွဲချင်းပြီး သေဆုံးမှုဖြစ်ပြီး ထိခိုက်ဒဏ်ရာရမှု အနည်းဆုံး (၁၀) ဦးဖြစ်ခဲ့ပါသည်။

## ၂) ကရင်နီပြည်အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံနေရသော ပြည်သူများ၏ ရင်တွင်းခံစားချက်များ

ပြည်သူများသည် မိမိတို့ကြုံတွေ့နေရသော အခွင့်အရေးချိုးဖောက်ခံနေရမှုများကို အောက်ဖော်ပြပါသက်ဆိုင်ရာ အသီးသီးတို့အပေါ် အမြင်များကို ဖော်ပြပေးပါသည်။

### ၂.၁) ကျူးလွန်သူ စစ်တပ်တို့အပေါ်ပြည်သူတို့၏ အမြင်များ

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် နိုင်ငံတဝန်းလုံးရှိ ပြည်သူလူထုများသည် စစ်အာဏာရှင်ဆန့်ကျင်ရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒများဖော်ထုတ်ခြင်းအား အကြမ်းဖက်နှိမ်နင်းပြီး ဆန့်ကျင်သူများ အုပ်စုခွဲဖြိုခွင်းခဲ့သည်။ ထိုအကြမ်းဖက် ဖြိုခွင်းမှုတွင် လက်နက်အင်အား အသုံးပြုကာ ကျည်အစစ်ဖြင့် လူထုများအား ပစ်ခတ်သတ်ဖြတ်လာပါသည်။ ထိုနောက်လူထုများမှ တန်ပြန်လက်နက်ကိုင်တော်လှန်ရန် စိတ်အားထက်သန်မှု ပိုမိုများပြားလာခဲ့ပါသည်။ ထိုလက်နက်ကိုင်တော်လှန်ရာတွင် လူငယ်များအနေဖြင့် ပါဝင်မှုအများဆုံးဖြစ်သည်ကို တွေ့ရသည်။ ထိုဖြစ်စဉ်များသည် ခေတ်အဆက်ဆက် အုပ်ချုပ်လာသော စစ်အစိုးရအား အမြစ်ဖြတ်ချေမှုန်းနိုင်ရန်နှင့် လူထုအားလုံး လိုလားကြသော ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်သွားရန် ရည်ရွယ်သည်။

ခေတ်အဆက်ဆက် စစ်ကောင်စီအား တော်လှန်တိုက်ခိုက်နေသော တိုင်းရင်းသား အင်အားစုများသည်လည်း ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ပေါ်ပေါက်လာသော လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့များအား စစ်ရေးအရ အကူအညီပေးပြီး အတူတကွ စစ်ကောင်စီအား ကရင်နီပြည်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါင်ခါးကျေးရွာတွင် ၂၀၂၁ ခုနှစ် မေလ (၂၁) ရက်နေ့ နံနက် (၈) နာရီတွင် စတင်တိုက်ခိုက်ခဲ့သည်။ ထိုလက်နက်ကိုင် တော်လှန်ရေးကြောင့် တစ်နိုင်ငံလုံး ပိုမိုကျယ်ပြန့်လာခဲ့သည်။ ကျယ်ပြန့်လာသော တိုက်ပွဲများကြောင့် စစ်ကောင်စီသည် အရပ်သားနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ စာသင်ကျောင်းများ ဗုံးကြဲတိုက်ခိုက်ခြင်း၊ ဘာသာရေး အဆောက်အဦးများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ အရပ်သားများအား မတရားဖမ်းဆီးခြင်း၊ လူသားဒိုင်းကာအဖြစ် အသုံးပြုခြင်း၊ လက်စတုန်းသတ်ဖြတ်ခြင်းနှင့် အရပ်သားများအား ပိုမိုဦးတည်တိုက်ခိုက်ခြင်း စသည့်လူ့အခွင့်အရေးများအား စစ်ကောင်စီမှ ရည်ရွယ်ချက်ရှိရှိ ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ပိုမိုချိုးဖောက်လာပါသည်။ ထို့ကြောင့် နစ်နာသူဖြစ်သော ပြည်သူလူထုများသည် စစ်ကောင်စီအပေါ် မည်သို့သော အမြင်သဘောထားများ ရှိနေသည်ကို မိမိတို့ ကရင်နီပြည် လူငယ်များသမဂ္ဂ (UKSY)မှ အချက်အလက်များ ကောက်ယူစဉ် မေးမြန်းထားပါသည်။

အချက်အလက်ကောက်ယူစဉ် ဖြေဆိုသူ(နစ်နာသူ)များ၏ စစ်ကောင်စီအပေါ် အမြင်သဘောထားများသည် မိမိတို့အား ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သည်ဟု ပြောပါသည်။ တိုက်ခိုက်ခံရမှုသည် နေရပ်စွန့်ခွာနေရသော စစ်ဘေးရှောင်ပြည်သူများနှင့် စစ်မဲ့ဇုန်ဒေသများသည် တိုက်ခိုက်ခံရမှု အမြင့်ဆုံးဖြစ်သည်။ လက်နက်ကိုင်များ စခန်းအထိုင်ချရာနေရာ၊ စစ်ရေးနှင့်ပတ်သက်သော အထောက်အထားရှိသည်ဟု ထင်မြင်ယူဆပြီး ဗုံးကြဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများဖြင့် ပိုမိုပြုလုပ်လာကြသည်ဟု ဆိုပါသည်။

ဆေးရုံ၊ ဆေးပေးခန်းများ၊ လူထုဝန်ဆောင်မှုပေးသော နေရာများ (ဝန်ဆောင်မှု အားနည်းသွားစေရန်)၊ စာသင်ကျောင်းများအား ပစ်မှတ်ထားတိုက်ခိုက်လာကြသည်။ အချို့သော ထင်မြင်ယူဆချက်များမှာ လက်နက်ကိုင်နှင့် လူထုကို မခွဲခြားထားဘဲ မိမိအား ဆန့်ကျင်နေသည့် မည်သူ့ကိုမဆို တမင်သက်သက် ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ခြင်းဖြစ်သည်ဟု ပြောဆိုထားကြပါသည်။

### ၂.၂) ကြားကာလအစိုးရ(NUG)နှင့် ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအပေါ် လူထုတို့၏ တောင်းဆိုချက် အသံများ

စစ်ကောင်စီအား ဆန့်ကျင် တိုက်ခိုက်မှုနောက်ပိုင်းတွင် ပေါ်ပေါက်လာသော ကြားကာလအစိုးရ (NUG)နှင့် ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအပေါ် လူထုများသည် မိမိတို့၏ တောင်းဆိုချက်များအား သက်ဆိုင်ရာ အစိုးရများထံသို့ အုပ်ချုပ်ရေးပိုင်းတွင် လူထုအားအခြေခံပြီး ကောင်းမွန်သော (အရပ်သား အုပ်ချုပ်ရေး) ပေါ်ပေါက်လာစေရန် လိုလားကြပါသည်။ လက်ရှိတွင် မတရားဖမ်းဆီး ခံနေရသော သူများ၏ မိသားစုဝင်များသည် သက်ဆိုင်ရာ (ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအစိုးရ၊ အရပ်ဖက်အဖွဲ့အစည်း) များမှ ချိတ်ဆက်စုံစမ်းမှု ပြုလုပ်ပေးစေလိုပါသည်။ လူ့အခွင့်အရေး ချိုးဖောက်ခံနေရသော လူထုများသည် အသွင်ကူးပြောင်းရေးကာလတွင် မိမိတို့၏ ဆုံးရှုံးခဲ့ကြရသော အခွင့်အရေးများ၊ သိက္ခာများ ပြန်လည်မြင့်တင်ပေးနိုင်ရန်အတွက် တရားမျှတမှု ဖော်ဆောင်ပေးရေး၊ ကုစားပေးရေး၊ ပြန်လည်ထူထောင်ပေးရေး၊ ကျူးလွန်သူ စစ်ကောင်စီများအား တရားစွဲဆို အပြစ်ပေးရေးနှင့် အရေးတော်ပုံ အမြန်ဆုံးအောင်မြင်စေရေးအတွက် တောင်းဆိုထားပါသည်။ လက်ရှိအခြေအနေအရ လေယာဉ်ဗုံးကြဲ တိုက်ခိုက်ခံခဲ့ရသော နေရာများတွင် မိမိတို့၏ ကျေးရွာအတွင်းဖြစ်စေ၊ စစ်ရှောင်စခန်း၌ဖြစ်စေ နေအိမ်များ၊ စာသင်ဆောင်များ၊ ဆေးရုံ၊ ဆေးပေးခန်းများအား ဆက်လက်အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာ (လက်ရှိနိုင်ငံရေးတာဝန်ယူထားသူများ)မှ ပြန်လည်မွမ်းမံမှုများ ပြုလုပ်ပေးစေလိုကြသည်။ တစ်ဆက်တည်းတွင် အကူအညီတောင်းခံထားသော ဒေသများ (ဝေးလံခေါင်သီသော ဒေသများ) အတွက် တုံ့ပြန်ဆောင်ရွက်ချက်များအနေဖြင့် ပြုလုပ်ပေးပါရန် လူထုများမှ တောင်းဆိုထားခြင်းများရှိပါသည်။

### ၃) အရပ်ဖက်အဖွဲ့အစည်းများအပေါ် အမြင်များ

မိမိတို့ကရင်နီပြည်လူငယ်များသမဂ္ဂမှ လူ့အခွင့်အရေးချိုးဖောက်ခံနေရမှု **case study** များကောက်ယူ ရာတွင် သက်ဆိုင်ရာဌါနများအပေါ် ထိခိုက်နစ်နာသောသူများ၏ ခံစားချက်များ၊ အသံများ၊ တိုက်တွန်းအရေးဆိုမှုများ ထည့်သွင်းကောက်ယူသကဲ့သို့ အရပ်ဖက်အဖွဲ့အစည်းများအပေါ် ထိခိုက်နစ်နာသူများ၏ တောင်းဆိုချက်၊ အသံများလည်း ကောက်ယူထားပါသည်။ ထိုအချက်အလက်များအပေါ် အခြေခံပြီး ၎င်းတို့၏ အသံများကို အောက်ပါအတိုင်း ဖော်ပြပေးလိုပါသည်။

၁) လူထုများသည် ၎င်းတို့အပေါ် ကျူးလွန်ခံနေရသော လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုများကို ကိုယ်တိုင်မှတ်တမ်းတင်နိုင်မှုအားနည်းချက်ရှိသောကြောင့် အရပ်ဖက်အဖွဲ့အစည်းများမှ နည်းပညာများ အကူအညီပေးရန်နှင့် အရပ်ဖက်ဖွဲ့စည်းများမှ ကောက်ယူပြီး မှတ်တမ်းတင်ပေးရန်

၂) သက်ဆိုင်ရာဌါနများမှ (ကျန်းမာရေးအရသော်လည်းကောင်း၊ ပညာရေးနှင့် စစ်ဘေးရှောင်အရေးသော်လည်းကောင်း) လက်လှမ်းမှီမှုမရှိသော ဝေးလံခေါင်ဖျားသော ဒေသ၊ အလှူရှင်မရောက်သော ဒေသများတွင် အရပ်ဖက်အဖွဲ့အစည်းမှ ကူညီဆောင်ရွက်ပေးရန်။

၃) လူ့အခွင့်အရေးချိုးဖောက်ခံနေရသူများသည် ရုပ်ပိုင်းထိခိုက်ဒဏ်ရာရမှုများအပြင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများရှိသောကြောင့် လူ့အခွင့်အရေးချိုးဖောက်ခံနေရသူများအား စိတ်ပိုင်းဆိုင်ရာမြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ပေးရန်။

၄) စစ်ဘေးရှောင်ပြည်သူများသည် အဖက်ဖက်မှအခက်ခဲများရှိသော်လည်း အရေးကြီးသော ကလေးသူငယ်ပညာရေးဆိုင်ရာလုပ်ငန်းများတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးမလုပ်ဆောင်နိုင်သော ဒေသများတွင် အရပ်ဖက်အဖွဲ့အစည်းများမှ ကလေးပညာရေးလုပ်ငန်းများအတွက် ကူညီဆောင်ရွက်ပေးရန်စသော တောင်းဆိုချက်များရှိပါသည်။

**၄) အခွင့်အရေးချိုးဖောက်ခံရသူများ၏ နောက်ဆက်တွဲပြဿနာများ**

စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးဖြင့်ပစ်ခတ်မှုများ၊ ဖမ်းဆီးနှိပ်စက်ခြင်း၏ လူ့အခွင့်အရေးချိုးဖောက်ခံနေရသော ပြည်သူတို့သည် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရမှုများအပါအဝင် ၎င်းတို့သည် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ များစွာခံစားနေကြရပါသည်။ ထိခိုက်ဒဏ်ရာရမှုပြင်းထန်သော ပုဂ္ဂိုလ်များသည် နောက်ဆက်တွဲအနေဖြင့် ကျန်းမာရေးပြဿနာများအပြင် လူတောမတိုးရဲခြင်း ဖြစ်လာကြပါသည်။ အထူးသဖြင့် ခြေပြတ်လက်ပြတ်၊ ခန္ဓာအစိတ်အပိုင်းဖြတ်ထုတ်သူများသည် အများသူငှါနေထိုင်ရာတွင် ခွဲခြားဆက်ဆံမှုဖြစ်စေသော စိတ်ပိုင်းဆိုင်ရာ ပြဿနာခံစားရခြင်းအပြင် လူမှုရေးဆိုင်ရာ ပြဿများဖြစ်လာကြပါသည်။ ထို့အပြင် ထိခိုက်ဒဏ်ရာရသူများသည် အနာတရများပြန်ပေါ်လာခြင်း၊ ဦးနှောက်ထိခိုက်သွားခြင်း၊ နားထဲသွေးယိုခြင်း၊ အကြားအာရုံချို့ယွင်းသွားခြင်းစသော ကျန်းမာရေးပြဿနာများ ပေါ်ပေါက်လာခဲ့ကြပါသည်။

စကစ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် တစ်ချို့အိမ်ထောင်စုများသည် နေအိမ်၊ ပိုင်ဆိုင်မှုများအပါအဝင် မိသားစုအားလုံးဆုံးရှုံးနေရခြင်းများလည်း ရှိပါသည်။ ထိုသို့သော တိုက်ခိုက်ခံနေရမှုများသည် ထိုမိသားစုအတွက် စစ်ရာဇဝတ်မှုအပြင် လူမျိုးသုဉ်းသတ်ဖြတ်မှု သဘောသက်ရောက်နေသည်ဟု ဆိုလိုနိုင်ပါသည်။ တိုက်ခိုက်မှုကြောင့် နေအိမ်များ၊ စပါးကျီများ မီးလောင်ခံနေရသော အိမ်ထောင်စုများအတွက်သည် ၎င်းတို့၏ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အစားအသောက်၊ အဝတ်အစား၊ စီးပွားရေးအပြင် ဘဝဆက်လက်ရပ်တည်နိုင်ရေးအတွက် အခက်အခဲဖြစ်လာနေသည်ကို တွေ့ရှိရပါသည်။

စာသင်ကျောင်းတိုက်ခိုက်ခံရမှုတွင် ကလေးသူငယ်များသည် ကျောင်းဆက်လက် ပညာသင်ကြားရေးအတွက် ကြောက်ရွံ့မှုများ ဖြစ်လာနေသည်ကို တွေ့ရပါသည်။ စာသင်ကျောင်းသည် မလုံခြုံသောနေရာအဖြစ်ခံစားနေရခြင်းကြောင့် ပညာရေးတွင် ကလေးများသည် စိတ်ပါဝင်စားမှုနှင့် စိတ်အားထက်သန်မှု လျော့ကျလာခဲ့ပါသည်။

ဆေးရုံ၊ ဆေးခန်းတိုက်ခိုက်မှုများတွင် တိုက်ခိုက်ခံနေရသော ဆေးရုံ၊ ဆေးခန်းများသည် အဓိကလူထုများအားထားရာ ဆေးခန်းများဖြစ်သောကြောင့် ပြည်သူလူထုများသည် ကျန်းမာရေးကုသရန် စိန်ခေါ်မှုဖြစ်လာနေသည်ကို တွေ့ရှိရပါသည်။ ဆေးခန်းများပိတ်ထားရသောကြောင့် ဆေးကုသရန် ခက်ခဲလာပြီး နာမကျန်းသော လူထုတစ်ချို့သည် ဆေးကုသရန် နေရာမရှိခြင်း၊ ဝေးလံခြင်းကြောင့်လည်း မလိုလားသောသေဆုံးမှု ဖြစ်လာမှုများလည်း ရှိခဲ့ပါသည်။ ဝေးလံခေါင်းဖျားဒေသရှိ လူထုများသည် နီးစပ်ရာကျန်းမာရေးဆေးပေးခန်း တိုက်ခိုက်ခံရမှုကြောင့် အဝေးရှိဆေးခန်းများသွားရာတွင် ခရီးစရိတ် ကုန်ကျမှု ပိုမိုများပြားလာသော အခက်အခဲနှင့် စိန်ခေါ်မှုများရှိလာခဲ့ပါသည်။

ကရင်နီပြည်တွင် နေရာအနှံ့တိုက်ပွဲများဖြစ်နေသောကြောင့် ပြည်သူများသည် မိမိလုံခြုံရေးအတွက် ဗုံးခိုကျင်းများ၊ ကတုတ်ကျင်းများတူးထားခြင်း၊ နေထိုင်ရာဒေသများတွင် သတိနှင့် လုပ်ကိုင်စားသောက် နေကြရပါသည်။ စကစ၏ တိုက်ခိုက်မှုများသည် နေရာဒေသမရွေးဖြစ်လာနိုင်သည်ဖြစ်သည့်အတွက် ပြည်သူများသည် မည်သည့်နေရာဒေသတွင်မဆို လွတ်လွတ်လပ်လပ် နေထိုင်ခြင်းမရှိပါ။ ထို့အတွက်ကြောင့် လူထုများသည် သတိဖြင့်နေထိုင်ခြင်းများရှိသော်လည်း တစ်ဖက်တွင် စားဝတ်နေရေးအတွက် ရုန်းကန်နေရသောကြောင့် မိမိလုံခြုံရေးအတွက် အစဉ်တစိုက်ဂရုစိုက်နေခြင်း မပြုနိုင်သော လူထုများလည်း ရှိခဲ့ပါသည်။

### ၅) မိုးဖြဲရေကာတာ ဖွင့်ချမှုကြောင့် ပျက်စီးသွားသော လယ်ဧကများ

မိုးဖြဲဒေသတွင်းရှိသော ပြည်သူများ၏ အဓိလယ်ယာဖြင့် အသက်မွေးဝမ်းကြောင်း ပြုနေကြပါသည်။ ထိုဒေသရှိပြည်သူများသည် အဂ်လိပ်လ ဧပြီလတွင် လယ်ယာစိုက်ပျိုးမှုများ ပြုလုပ်ကြပါသည်။ ထိုလယ်ယာစိုက်ပျိုးနိုင်ရန်အတွက် လူထုတို့သည် ဖယ်ခုံအင်းမှ ရေဖြင့် အားထားနေရပါသည်။ ထိုအင်းကို ရေကာတာဖြင့် ထိန်း၍ မိုးဖြဲဒေသတစ်လျှောက် ဘီလူးချောင်းဖြင့် လောပိတသို့ ရေအားလျှပ်စစ် ထုတ်လျက်ရှိသည် ။ ထိုဘီလူးချောင်း တစ်လျှောက်တွင် ပြည်သူများ လယ်ယာမြေစိုက်ပျိုးလျက်ရှိပါသည်။ ပြည်သူများ၏ စိုက်ပျိုးရာသီတွင် ရေလိုအပ်ချက်ရှိခဲ့သော်လည်း ခမရ၄၂၂နှင့် ရေကာတာရှိစစ်တပ်တို့သည် ရေဖွင့်ပေးခြင်းမရှိခဲ့ပါ။ ပြည်သူများသည် လယ်ယာစိုက်ပျိုးပြီးသော စပါးစသီးချိန် ဇူလိုင်လတွင် မိုးကြီးလာသည်နှင့်အတူ စစ်တပ်သည် မိုးဖြဲရေကာတာ ဖွင့်ချမှုကြောင့် စပါးများ၊ လယ်များရေမြုပ်မှုဖြစ်နေခဲ့ရပါသည်။ တပတ်ကျော်ခန့် ရေမြုပ်သောကြောင့် တချို့စပါးပင်များသည် ပုပ်သိုးသွားနိုင်သော အခြေအနေများဖြစ်လာမည်ကိုလည်း တောင်သူများက စိုးရိမ်လျက်ရှိကြပါသည်။ ထိုစစ်တပ်၏ မိုးဖြဲရေကာတာဖွင့်ချမှုနှင့် ပတ်သက်ပြီး မိမိတို့ ကရင်နီပြည်လူငယ်များသမဂ္ဂမှ တောင်သူတစ်ဦးကို မေးမြန်းရာတွင် “ဒီရာသီဟာ မိုးများတဲ့ ရာသီဖြစ်တာမှန်သော်လည်း ခါတိုင်းနှစ်လိုက ရေမြုပ်သွားတာမရှိပါဘူး။ ဒီစစ်တပ်အာဏာသိမ်းပြီး တော်လှန်ရေးစတင်တဲ့နောက်မှာဆိုရင် ရေကာတာမှာရှိတဲ့ စစ်တပ်က စိုက်ပျိုးရာသီဆိုရင် ရေမဖွင့်ပေးဘူး။ စိုက်ပြီးစပါးက စသီးတော့မယ်ဆိုရင် ရေဖွင့်ချလိုက်တော့ စပါးတွေမြုပ်ကုန်တယ်။ အဲ့ဒါတွေက ကျွန်တော်တို့ပြည်သူတွေ ငတ်အောင်တမင်သက်သက်လုပ်နေတာလို့ပဲမြင်ပါတယ်။ ဒီစပါးစသီးတဲ့အချိန်သာမက စပါးရိတ်ခါနီးအချိန်ဆိုလည်း ရေဖွင့်ချတာ အဲ့မှာစပါးအများကြီးပျက်စီးသွားတာ”ဟု ၎င်းကဆိုပါသည်။

မိုးဖြဲရေကာတာတွင် တပ်စွဲထားသော စစ်တပ်သည် စိုက်ပျိုးရာသီ ရေမဖွင့်ပေးခြင်း၊ ရေကြီးအောင်ရေဖွင့်ချခြင်းများပြုလုပ်ပြီး ပြည်သူများစားဝတ်နေရေး ခက်ခဲစေသောရည်ရွယ်ချက်ဖြင့် ပြုလုပ်နေခြင်းဖြစ်သည်ဟု တောင်သူနှင့် တော်လှန်ရေးအင်အားစုများက မှတ်ချက်ပြုနေကြပါသည်။ ၂၀၂၄ခုနှစ် ၊ ဇူလိုင်တွင် ဖွင့်ချသော ရေကြောင့် ဘီလူးချောင်းဘေးရှိ လယ်ဧကအများအပြား ရေမြုပ်နေရသကဲ့သို့ ချောင်းနားတစ်လျှောက်ရှိ စစ်ဘေးရှောင်ပြည်သူများလည်း ယာယီတဲများနှစ်မြုပ်ကုန်ပြီး ထပ်မံတိမ်းရှောင်နေမှုများ ပြုလုပ်နေရပါသည်။

ထို့အပြင် တောင်သူများမှတ်ချက်ပြုသကဲ့သို့ စပါးစသီးချိန်နှင့် စပါးမှည့်ခါနီးအချိန်တွင် စစ်ကောင်စီတပ်သည် ရေဖွင့်ပြီး စပါးမြုပ်ရန်ရည်ရွယ်ချက်ဖြင့် ၂၀၂၄ ခုနှစ် ၊ စက်တင်ဘာလအစပိုင်းတွင် ၄၂၂နှင့် ရေကာတာတပ်အနားရှိ စစ်ကောင်စီတပ်များသည် မိုးဖြဲဆည်အား ထပ်မံရေဖွင့်ချမှုပြုလုပ်ခဲ့ပါသည်။ ထိုတစ်ကြိမ်လည်း ရေကာတာဖွင့်ချမှုကြောင့် ရိတ်သိမ်းခါနီး စပါးများ  အများအပြားပျက်စီးဆုံးရှုံးနေကြရသည့်အပြင် ရေဖွင့်ချမှုကြောင့် ဘီလူးချောင်းရှိ လယ်ဧကများ ခန့်မှန်းချေ ၄၀၀၀ ကျော် ပျက်စီးခဲ့သည်ဟု ဒေသခံများကဆိုကြပါသည်။



## ၆) ပြည်သူ့ဆေးရုံအပေါ် အကြမ်းဖက်စစ်တပ်၏ တိုက်ခိုက်မှုများ

စစ်ကောင်စီ၏ စစ်တပ်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လေကြောင်းဖြင့်သော်လည်းကောင်း၊ လက်နက်ကြီးဖြင့်လည်းကောင်း၊ တမင်တကာ မီးရှို့ဖျက်စီးခြင်းဖြင့်လည်းကောင်း စစ်ရာဇဝတ်မှု ကျူးလွန်လျက်ရှိသည်။ ၂၀၂၁ ခုနှစ်တွင် ဖရူဆိုတွင် စစ်တပ်သည် စစ်ရှောင်ပြည်သူ အယောက် ၃၀ ကျော်ကို မီးရှို့သတ်ဖြတ်မှုရှိသကဲ့သို့ ၂၀၂၃ ပင်လောင်းမြို့နယ်၊ နန်းနိမ်တွင် သံဃာတော်နှင့် ပြည်သူ အယောက် ၃၀ ကျော်ကို ပစ်သတ်သောလုပ်ရပ်မျိုးများလည်းရှိခဲ့ပါသည်။ ထို့အပြင် စစ်တပ်သည် ပြည်သူများတိမ်းရှောင်သော စစ်ဘေးရှောင်စခန်းများ၊ ကျေးရွာများကို လက်နက်ကြီး၊ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့တာလည်းရှိပါသည်။ ပြည်သူများ၏ အိုးအိမ်များ မီးရှို့ဖျက်ဆီးခြင်းများအပြင် ပြည်သူပိုင်ဆေးရုံ၊ ဆေးခန်းများ တိုက်ခိုက်ခြင်း၊ ပြည်သူ အထွတ်အမြတ်ထားသော ဘုန်းကြီးကျောင်း၊ ဘုရားကျောင်းစသော ဘာသာရေးအဆောက်အုံများကိုလည်း ပစ်မှတ်ထားခိုက်တိုက်မှုလည်း ရှိခဲ့ပါသည်။ စစ်ကောင်စီ၏ စစ်တပ်တိုက်ခိုက်မှုများအနက် မိမိတို့ ကရင်နီပြည်လူငယ်များသမဂ္ဂ-UKSYမှ မှတ်တမ်းပြုစုထားသော ဖယ်ခုံမြို့နယ်၊ ရီနွဲ့ကျေးရွာအုပ်စု၊ လအိတွင်ဖြစ်ပွားသော လေကြောင်းတိုက်ခိုက်မှုတစ်ခုကို ဖော်ပြလိုပါသည်။

လအိကျေးရွာသည် ဖယ်ခုံမြို့နယ်တွင်တည်ရှိသော ရွာလေးတစ်ရွာဖြစ်ပါသည်။ အိမ်ခြေ ၇၀၀ ကျော်ရှိပြီး အများအားဖြင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ ထိုကျေးရွာတွင် ပြည်သူမှ ကိုယ်ထူကိုယ်ထဖြင့် တည်ဆောက်ထားသော ပြည်သူ့ဆေးရုံတစ်ရုံရှိပါသည်။ ထိုဆေးရုံတွင် လအိကျေးရွာအပြင် ဘေးပတ်ဝန်းကျင်မှ ကျေးရွာများသည်လည်း လအိကျေးရွာတွင် ဆေးလာရောက် ကုသလျက်ရှိပါသည်။ စစ်တပ်အာဏာသိမ်းပြီးနောက်တွင် ထိုကျေးရွာများအပါအဝင် လအိကျေးရွာတွင်းနှင့် ရွာနားတွင်ရှိသော စစ်ဘေးရှောင်များသည် ထိုလအိဆေးရုံတွင် ဆေးလာရောက်ကုသလေ့ရှိပါသည်။



၂၀၂၄ ခုနှစ် မတ်လ၂၂ ရက်နေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်ဝန်းကျင်တွင် စစ်ကောင်စီသည် လအိတိုက်နယ်ဆေးရုံကို (၃) ကြိမ် တိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။ ထိုတိုက်ခိုက်မှုတွင် (၂) ဦးသေဆုံးခဲ့ရပြီး (၆) ဦးဒဏ်ရာရရှိမှုရှိခဲ့ပါသည်။ ထိုတိုက်ခိုက်မှုမဖြစ်ခင် ဆေးရုံတွင် ကျန်းမာရေးဝန်ဆောင်မှုပေးသူများအပါအဝင် ဆေးကုသသောလူနာများ ရှိခဲ့ပါသည်။ သေဆုံးသူများထဲတွင် (လအိဒေသခံလူနာ) အသက် ၁၈ နှစ်အရွယ်လူငယ်(ကျား)တစ်ဦးနှင့် (စစ်ဘေးရှောင်လူနာ) အသက် ၄၅ နှစ်အရွယ်(ကျား)တစ်ဦးတို့ သေဆုံးခဲ့ရပါသည်။



**၇) ရီနွဲ့ကျေးရွာအုပ်စုနှင့် ရီလုံရီကန်ကျေးရွာအုပ်စုတွင် စစ်တပ်မှလေကြောင်းတိုက်ခိုက်မှုပြုလုပ်ခြင်း**

ကရင်နီပြည် ဖယ်ခုံမြို့နယ် ရီနွဲ့ကျေးရွာအုပ်တွင်ရှိသော ပီကင်းကျေးရွာနှင့် ရီလုံရီကန်ကျေးရွာအုပ်စုရှိ လွယ်ယင်းကျေးရွာကို စစ်ကောင်စီတပ်မှ ဗုံးကြဲတိုက်ခိုက်မှုပြုလုပ်မှုရှိပါသည်။ ထိုကျေးရွာနှစ်ရွာသည် ရွာချင်းကပ်ဖြစ်နေသောကျေးရွာဖြစ်ပါသည်။ ဈေးသော်လည်းကောင်း ဆေးခန်းများသော်လည်းကောင်းအတူတကွ အသုံးပြုလျက်ရှိပါသည်။ ပီကင်းနှင့် လွယ်ယင်းကျေးရွာမှ ပြည်သူလူထုများသည် အဓိကတောင်ယာဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိပါသည်။ ကျေးရွာနှစ်ရွာပေါင်းသည် အိမ်ခြေ (၇၀၀) ကျော်ရှိပြီး လူဦးရေခန့်မှန်းချေ (၂၀၀၀) ကျော်ရှိပါသည်။ အထက်တန်းကျောင်းနှစ်ကျောင်းရှိပြီး နှစ်စဉ်ကျောင်းသားပေါင်း ၂၀၀၀ ဦး မှ ၃၀၀၀ ဦးကြား ပညာသင်ယူလျက်ရှိပါသည်။ ထိုကျောင်းသားဦးရေများသည် ဒေသခံကျောင်းသားများအပြင် စစ်တပ်အာဏာသိမ်းပြီးနောက် ထွက်ပြေးတိမ်းရှောင်လာသော စစ်ဘေးရှောင် ကျောင်းသားများ အပါအဝင်ဖြစ်သည်။ ကျေးရွာနှစ်ရွာလုံးသည် အများအားဖြင့် ကက်သလစ်ခရစ်ယာန်ကိုးကွယ်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်သူမှာ လူဦးရေ၏ (၄) ပုံမှာ (၁) ပုံရှိပါသည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့ ည (၁၀:၁၅) တွင် စစ်ကောင်စီသည် လွယ်ယင်းနှင့် ပီကင်းကျေးရွာကို လေကြောင်း တိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။ ပထမဦးဆုံး ပီကင်းကျေးရွာကို တိုက်ခိုက်မှုပြုလုပ်ပြီး ၇ မိနစ်အကြာတွင် လွယ်ယင်းရွာကို တိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။ ထိုတိုက်ခိုက်မှုတွင် ပေါင် (၃၀၀) ဗုံးဖြင့် တစ်ကြိမ်ကို (၂) လုံးကြဲခဲ့ပါသည်။ ပီကင်းကျေးရွာတွင် လူ (၂) ဦးထိခိုက်ဒဏ်ရာရပြီး ဆေးပေးခန်း (၁) လုံး၊ ရေလှောင်ကန် (၁) လုံး၊ စပါးကျီ (၁) လုံးနှင့် နေအိမ်အချို့ ပျက်စီးသွားခဲ့ပါသည်။ လွယ်ယင်းကျေးရွာတွင် လူ (၄) ဦးသေဆုံး၊ ပြင်းထန်ဒဏ်ရာရသူ (၄) ဦးရှိပြီး စာသင်ကျောင်းအဆောက်အအုံ၊ ရေလှောင်ကန် (၁) လုံး၊ စပါးကျီ (၁) လုံး၊ နေအိမ် (၆) လုံးနှင့် အုပ်စုအုပ်ချုပ်ရေးရုံး ပျက်စီးသွားခဲ့ပါသည်။ သေဆုံးသွားသော လူများတွင် အသက် (၆၅) နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် ၁၈ နှစ်အောက် ကလေး (၃) ဦး ပါဝင်ပါသည်။

**၈) လွိုင်ကော်မြို့နယ် ကုန်းသာကျေးရွာလေကြောင်းတိုက်ခိုက်မှု**

ကုန်းသာကျေးရွာသည် ကရင်နီပြည်၊ လွိုင်ကော်မြို့နယ်ထဲက ကျေးရွာတစ်ရွာဖြစ်သည်။ ကျေးရွာသည် ကယန်း၊ ရှမ်း၊ ပအိုဝ်းလူမျိုးစုများ နေထိုင်ကြပါသည်။ အိမ်ခြေ (၆၀၀) နီးပါးရှိပြီး လူဦးရေ (၃၀၀၀) ကျော်ရှိပါသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူအနည်းစုဖြစ်ပြီး အများအားဖြင့် ကက်သလစ်ခရစ်ယာန် ကိုးကွယ်ကြပါသည်။ အဓိကလယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင် တောင်ယာ၊ ပြောင်း၊ ပဲစိမ်းငုံစသော သီးနှံများကိုလည်း စိုက်ပျိုး၍အသက်မွေးဝမ်းကြောင်းပြုကြပါသည်။



ကုန်းသာကျေးရွာသည် လွိုင်ကော်မြို့နှင့်နီးစပ်သော ကျေးရွာဖြစ်သည့်အတွက် စစ်တပ်အာဏာသိမ်းပြီး နောက်ပိုင်းတွင် စစ်တပ်မှ မကြာခန ရွာထဲလက်နက်ကြီးဖြင့် လှမ်းပစ်ခတ်မှုများလည်း ရှိခဲ့ပါသည်။ စစ်တပ်၏ အကြောင်းမဲ့ လက်နက်ကြီး ပစ်ခတ်မှုကြောင့်လည်း လူထုသေဆုံးမှုရှိခဲ့ပါသည်။ လက်နက်ကြီးဖြင့် တိုက်ခိုက်မှုတွင် အကြိမ် (၅၀၀) ထက်မနည်းရှိနေပြီး လူသေဆုံးမှုအပြင် ဘုန်းကြီးကျောင်း၊ လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုများလည်း ရှိခဲ့ပါသည်။

၂၀၂၄ ခုနှစ် ဧပြီလ ၂၀ ရက်နေ့ နေ့လည် ၁၁ နာရီအချိန်တွင် စစ်ကောင်စီသည် ကုန်းသာကျေးရွာကို လေကြောင်း တိုက်ခိုက်မှုတစ်ရပ်ပြုလုပ်ခဲ့ပါသည်။ ထိုတိုက်ခိုက်မှုတွင် လူ (၆) ဦးသေဆုံးခဲ့ရပြီး (၁၆) ဦး ဒဏ်ရာရရှိခဲ့ပါသည်။ စစ်တပ်သည် ကုန်းသာကျေးရွာတွင် လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများ အကြိမ်များစွာ ပြုလုပ်ခဲ့သော်လည်း ထိုလေကြောင်းတိုက်ခိုက်မှုသည် ပထမဆုံးအကြိမ် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများထဲတွင် ၅ နှစ်အောက် ကလေးသူငယ်တစ်ဦး ပါဝင်ပါသည်။ ဒဏ်ရာရသူများတွင် ၁၈ နှစ်အောက် ကလေး (၃) ဦးပါဝင်ခဲ့ပါသည်။ ထို့အပြင် နေအိမ် (၂၀) လုံး၊ ရပ်ရွာခန်းမဆောင် (၁) လုံး၊ လူငယ်ရိပ်သာ (၁) ခု၊ စပါးကျီ (၂) လုံးနှင့် အုပ်ချုပ်ရေးမှူးရုံးစသော အဆောက်အအုံများ မီးလောင်ပျက်စီးခဲ့ရပါသည်။



**၉) ကရင်နီပြည်လူငယ်များသမဂ္ဂ -UKSY မှ ကောက်ယူသော လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုများ၏ သေဆုံးမှု၊ ဒဏ်ရာရမှုနှင့် ပျက်စီးဆုံးရှုံးသွားသော စာရင်းများ**

ကရင်နီပြည်လူငယ်များသမဂ္ဂ-UKSYသည် ကရင်နီပြည်အတွင်း ဖြစ်ပွားသော လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုများကို အသွင်ကူးပြောင်းရေး တရားမျှတမှုဆောင်ရွက်ရာတွင် အထောက်အကူပြုရန်နှင့် စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို နိုင်ငံတကာသို့ အရေးဆိုတိုက်တွန်းနိုင်ရန် ရည်ရွယ်ပါသည်။ ဇွန်လမှ ဩဂုတ်လအထိ ကရင်နီပြည်လူငယ်များသမဂ္ဂ-UKSYမှ Case Studyအဖြစ် အသုံးပြုကောက်ယူထားသော လူ့အခွင့်အရေးချိုးဖောက်ခံနေရမှု စာရင်းသာဖြစ်ပြီး တော်လှန်ရေးနှင့် စစ်ကောင်စီ၏ ထိပ်တိုက်တိုက်ပွဲများကြောင့် မြေပြင်တွင် ဖော်ပြပါ စာရင်းထက်များပြားသော လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုများရှိပါသည်။

| သေဆုံးသူများ အသက်အပိုင်းအခြားများ | | ထိခိုက်ဒဏ်ရာရသူများ အသက်အပိုင်းအခြား များ | |
|---|---|---|---|
| ၅ နှစ်အောက် များ | ၃ ဦး | ၅ နှစ်အောက် | ၄ ဦး |
| ၅ နှစ်မှ ၁၈ နှစ် အထိ | ၈ ဦး | ၅ နှစ်မှ ၁၈နှစ် အထိ | ၅၈ ဦး |
| ၁၈ နှစ်မှ ၆၀ အထိ | ၂၄ ဦး | ၁၈ နှစ်မှ ၆၀ နှစ် အထိ | ၂၉ ဦး |
| ၆၀ နှစ် အထက် | ၁ ဦး | ၆၀ နှစ်အထက် | ၁၀ ဦး |
| **စုစုပေါင်းသေဆုံး မှု** | **၃၇ ဦး** | **စုစုပေါင်းဒဏ်ရာ ရမှု** | **၁၀၁ ဦး** |

**ပျက်စီးဆုံးရှုံးသွားသော အဆောက်အအုံများနှင့်ယာဉ်များ**

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | စာသင်ကျောင်း | ၁၁ ဆောင် |
| ၂ | နေအိမ် | ၇၈ လုံး |
| ၃ | စပါးကျီ | ၁၁ လုံး |
| ၄ | ဆေးခန်း | ၈ လုံး |
| ၅ | အုပ်ချုပ်ရေးရုံး | ၂ လုံး |
| ၆ | ဘာသာရေးအဆောက်အအုံ | ၃ လုံး |
| ၇ | ကား | ၅ စီး |
| ၈ | ဆိုင်ကယ် | ၁၀ စီး |
| ၉ | ရေလှောင်ကန် | ၂ ခု |
| ၁၀ | ရပ်ရွာခန်းမဆောင် | ၃ လုံး |

# နိဂုံး

ကရင်နီပြည်သည် လက်ရှိတွင် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ - KSCC ၏ နိုင်ငံရေးဦးဆောင်မှုဖြင့် ပြည်နယ်၏ စစ်ရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့အား စနစ်တကျ လည်ပတ်ဆောင်ရွက်နေပါသည်။ တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်နေရသော ကရင်နီပြည်သူလူထုများကို သက်ဆိုင်ရာ ပြည်နယ်အာဏာပိုင်များနှင့် အရပ်ဖက်အဖွဲ့အစည်းများပူးပေါင်းပြီး လူသားချင်းစာနာထောက်ထားရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

စစ်ကောင်စီနှင့် တိုက်ပွဲစတင်ခဲ့သော ၂၀၂၁ ခုနှစ်မှစတင်ပြီး ပြည်နယ်အတွင်း လူ့အခွင့်အရေး ချိုးဖောက်ခံနေရမှုများအပြင် လူမှုရေးအန္တရာယ်များဖြစ်သော မူးယစ်ဆေးဝါးများ၊ လောင်းကစားများလည်း ဖြစ်ပွားခဲ့သည်။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ မဖွဲ့စည်းချိန်တွင် ဒေသအတွင်း တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုများအတွက် ကရင်နီပြည် ရဲတပ်ဖွဲ့ -KSPသည် ကရင်နီပြည်အတိုင်ပင်ခံကောင်စီနှင့် ချိတ်ဆက်ပြီး လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ - (IEC) ဖွဲ့စည်းနိုင်ပြီးနောက်ပိုင်းတွင် ဌါနဆိုင်ရာများ ဖွဲ့စည်းလာနိုင်ပြီး ပြည်နယ်၏ အုပ်ချုပ်ရေးနှင့် လူထုဝန်ဆောင်မှုလုပ်ငန်းများသည်လည်း စနစ်တကျ ပိုမိုဆောင်ရွက်လာနိုင်ခဲ့ပါသည်။ ထို့အပြင် မြို့နယ်အလိုက် တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်လာနိုင်ခဲ့ပြီး ဒေသအတွင်း တရားဥပဒေစိုးမိုးရေးအတွက်နှင့် လူထုလုံခြုံရေးအတွက်လည်း ပိုမိုဆောင်ရွက်လာနိုင်ခဲ့ကြသည်ကို တွေ့ရပါသည်။ ပြည်နယ်အတွက် ကျင့်သုံးရမည့် ဥပဒေများကို ၂၀၂၀ ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော ကရင်နီပြည်ကြားကာလ လွှတ်တော်မှ ပြဌါန်းပေးခြင်းဖြစ်ပြီး ထိုမဏ္ဍိုင် (၃) ရပ်လည်ပတ်နိုင်ရေးအတွက် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ(KSCC)က ကရင်နီပြည်ကြားကာလအစီအမံနှင့်အညီ ထိန်းကြောင်းမှုပြုလုပ်ပေးခြင်းဖြစ်ပါသည်။

--------------------------------